(၅) သခွားမိုစေ့ဗိုင်းရပ်စ်ရောဂါ (Cucumber Mosaic Virus)

**ရောဂါဖြစ်စေသောသက်ရှိ- Cucumovirus**

**ရောဂါလက္ခဏာ**

အရွက်များတွင် ရောင်မညီကွက်ကြားဖြစ်ခြင်း၊ ပုံပျက်ခြင်း၊ အရွက်နား အောက်သို့ကုတ်ခြင်း၊ အဆစ်နှင့် ရွက်ရိုးတံတို၍ အပင်ပုခြင်း၊ အရွက် သေးခြင်း၊ အပွင့်အသီးနည်း ခြင်းတို့ ဖြစ်ပေါ် သည်။ ရောဂါဖြစ်စေသော ဗိုင်းရပ်စ်သည် ပျ ပိုးများ ကြောင့် ကူးစက်ပျံ့နှံ့သည်။





**ကာကွယ်နှိမ်နင်းနည်းများ**

- ရောဂါလက်ခံပင်များဖြစ်သော အခြားသီးနှံပင်များနှင့်ဝေးသော နေရာတွင် စိုက်ပျိုးပါ။
- ပေါင်းပင်များကင်းရှင်းအောင်ဆောင်ရွက်ပါ။
- ပင်ကြွင်းပင်ကျန်နှင့်ရောဂါကျအပင်များဖျက်ဆီးမီးရှို့ပါ။
- ပျပိုးများအား အပင်ငယ်စဉ်တွင် ကာကွယ်နှိမ်နင်းပါ။